ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့



# စားသုံးသူဈေးဆနှုန်း
# (Consumer Price Index)
# နှင့်
# ငွေကြေးဖောင်းပွမှုနှုန်း
# (Rate of Inflation)
# အ ခြေအနေ
# (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)

၂၀၁၇ ခုနှစ် မတ်လ

အကြောင်းအရာ။ **၂၀၁၇ခုနှစ် ဖေဖော်ဝါရီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် မြို့နယ်(၈၂)မြို့နယ်မှ ဈေးနှုန်းများကို အခြေခံ၍ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် တစ်နိုင်ငံလုံး အတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက် တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှု စစ်တမ်းကို မြို့နယ်ပေါင်း (၈၂)မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း (၃၂၆၆၉)ကို စစ်တမ်း ကောက်ယူခဲ့ပါသည်။

၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စစ်တမ်းကောက်ယူရာတွင် ကုန်ပစ္စည်းအမျိုးအစားများမှာ အများသုံးစွဲသည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားပေါင်း (၄၃၈)မျိုး ပါဝင်ခဲ့ပါသည်။ စားသုံးသူဈေးဆနှုန်း တွက်ချက်ရန်အတွက် အစားအစာအုပ်စုတွင်ကုန်ပစ္စည်း (၁၀၈)မျိုးနှင့် အစားအစာမဟုတ်သောအုပ်စုတွင် ကုန်ပစ္စည်းအမျိုးအစား(၁၆၆)မျိုးရွေးချယ်ထားပြီး၊ စုစုပေါင်း (၂၇၄)မျိုးသို့ တိုးချဲ့ကောက်ယူတွက်ချက်ခဲ့ပါသည်။

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်တွင် အစားအစာအုပ်စုအတွက် သုံးစွဲသည့် အလေးပေး ရာခိုင်နှုန်း မှာ (၅၈.၅၁)% ရှိ၍၊ အစားအစာမဟုတ်သောအုပ်စုအတွက် သုံးစွဲသည့် အလေးပေးရာခိုင်နှုန်းမှာ (၄၁.၄၉)% ရှိပါသည်။

၄။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် (၁၄၅.၂၈)၊ အစားအစာ မဟုတ်သောအုပ်စုအတွက် (၁၁၅.၀၃)နှင့် အုပ်စုအားလုံးအတွက်(၁၃၂.၇၃) ဖြစ်ရာ လွန်ခဲ့သော ဇန်နဝါရီလ အခြေအနေ (၁၃၂.၄၁) နှင့်နှိုင်းယှဉ်ပါက (၀.၂၄)% မြင့်တက်ခဲ့ပါသည်။

၅။ စားသုံးသူဈေးဆနှုန်းကိုလေ့လာပါက အစားအစာအုပ်စု၏ဈေးဆနှုန်းမှာ ယခင်လ ကထက် ၀.၃၉% ပြန်လည်မြင့်တက်လာပါသည်။ အခြေခံစားသောက် ကုန်ဖြစ်သည့် ဧည့်မထ၊ စားအုန်းဆီ၊ ဝက်သား၊ ငါးအများစု၊ ပုစွန်တုပ်၊ပုစွန်ကျော့၊ငါးရံ့ခြောက် နှင့် ဟင်းသီးဟင်းရွက်

ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ပြင် စားဖိုဆောင်သီးနှံဖြစ်သော အာလူး၊ကြက်သွန်ဖြူနှင့်ကြက်သွန်နီဈေးနှုန်းများမြင့်တက်လာပါသည်။

၆။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်းမှာ (၁၁၅.၀၃) ဖြစ်သဖြင့် ယခင်လအခြေအနေ ၁၁၅.၀၆ နှင့် နှိုင်းယှဉ်ပါက % အနည်းငယ်သာ ကျဆင်းလာပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ဘတ်စ်ကားခ၊ မော်တော်ကားဈေးနှုန်း၊ ဆေးလိပ်နှင့် အဖျော်ယမကာဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ဖြစ်ပါသည်။


၇။ စားသုံးသူဈေးဆနှုန်း ပြောင်းလဲမှုအခြေအနေမှာ **၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ယခင်နှစ် အလားတူကာလကထက် (၇.၉၉)% ပိုမို**လာခဲ့ပါသည်။ **၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အထိ (+၆.၉၃) ရှိပါကြောင်း** အစီရင်ခံ တင်ပြအပ်ပါသည်။

(ဒေါက်တာဝါဝါမောင်)

ညွှန်ကြားရေးမှူးချုပ်

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်း(Comsumer Price Index)

## (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၄ |
| ၄ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၇ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၉ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၀ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၁ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၂ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ)

**၁။ စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွက် စားသုံးသူဈေးဆန်းနှုန်းမှာ ၁၃၂.၇၃ ဖြစ်ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ အခြေအနေ ၁၂၂.၉၁နှင့်နှိုင်းယှဉ်ပါက ယခင်နှစ်ကထက် ၇.၉၉ % မြင့်တက်လာပါသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ တစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၆.၉၃% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ တစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၉.၈၀% နှင့် နှိုင်းယှဉ်ပါကတိုးနှုန်းမှာ ယခင်နှစ်ကထက် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ သို့သော် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၏ စားသုံးသူဈေးဆန်းနှုန်း နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာပြောင်းလဲမှုရှိခဲ့ပါသည်။

ယခုလတွင် ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန်းနှုန်းများကို ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်၏ စားသုံးသူဈေးဆန်းနှုန်းမှာ ၁၃.၃၂%ဖြင့် အမြင့်ဆုံး ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရပါသည်။ အလားတူစွာပင် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင်လည်း ပြောင်းလဲမှုရာခိုင်နှုန်းများခဲ့ပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် ခြုံငုံကြည့်လျှင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)မှာ ယခင်လတွင် ၇.၇၆% ရှိရာမှ ယခုလတွင် ၇.၉၉% ဖြစ်သဖြင့် တိုးနှုန်းအရှိန်မှာ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၇ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန်းနှုန်းများကို ဇယား(၁) ဖြင့် အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **အစားအစာအုပ်စု**ဈေးဆန်းနှုန်းသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၄၅.၂၈ ရှိ၍၊ ယခင်နှစ်၏ ဈေးဆန်းနှုန်းမှာ ၁၃၁.၉၈ ဖြစ်သောကြောင့် ၁၀.၀၈% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၃၉ ရာခိုင်နှုန်း မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုဈေးဆန္နန်း**မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၁.၉၉ ရှိ၍၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၃၅.၆၇ ဖြစ်သောကြောင့် ၂.၇၁% ကျဆင်းလာခဲ့ပြီး၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါ က ၁.၇၉% ကျဆင်းလာခဲ့ပါသည်။ ယင်းအုပ်စုအတွင်းရှိ ကွမ်းရွက်၊ ကွမ်းသီးခြမ်း၊ ဆေးရွက်ကြီးနှင့် ဆေးလိပ် ဈေးနှုန်းများမှာ ယခင်လကထက်ကျဆင်းလာခဲ့သောကြောင့်ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်ဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၆.၆၈ ရှိ၍၊ ယခင် နှစ်၏ဈေးဆန္နန်းမှာ ၁၁၃.၅၃ ဖြစ်သောကြောင့် ၂.၇၈% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့ သောလနှင့် နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုမရှိပါ။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စုဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၄.၇၉ ရှိ၍၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၂၆.၉၉ ဖြစ်သောကြောင့် ၆.၁၄% မြင့်တက် လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်း လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ထင်း၊မီးသွေး၊ ကြသောင်းဝါး၊ အုတ်နှင့် ဘိလပ်မြေ ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လျက်ရှိသည် ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စုဈေးဆန္နန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၃.၆၇ ရှိ၍၊ ယခင်နှစ်၏ ဈေးဆန္နန်းမှာ ၁၁၂.၄၇ဖြစ်သော ကြောင့် ၁.၀၇% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာမြင့်တက်ခဲ့ပါသည်။

(စ) **ကျန်းမာရေးအုပ်စုဈေးဆန္နန်း**မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၀.၉၁ ရှိ၍၊ ယခင် နှစ်၏ ဈေးဆန္နန်းမှာ ၁၂၆.၈၄ ဖြစ်သောကြောင့် ၃.၂၁% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် မြင့်တက်လာခဲ့ပါသည်။ အားဆေးတစ်မျိုးတည်းသာ ဈေးနှုန်းအနည်းငယ်မြင့်တက်သည်မှလွဲ၍ ကျန်ဆေး ပစ္စည်းဈေးနှုန်းများ ပြောင်းလဲမှုမရှိဘဲတည်ငြိမ်နေပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၉၆.၁၄ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၈၈.၀၄ ဖြစ်သောကြောင့် ၉.၂၁% မြင့်တက်လာပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် ကျဆင်း လာခဲ့ပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၃၄၁.၇၇ ကျပ်မှ ၃၃၉၂.၅၉ ကျပ်၊ ဒီဇယ်ဆီတစ်ဂါလံလျှင် ၃၂၆၇.၈၈ ကျပ် မှ ၃၃၀၅.၉၅ သို့လည်းကောင်း၊ သိသာစွာ မြင့်တက်ခဲ့သော်လည်း၊ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော Yangon Bus Service(YBS) စနစ်ကြောင့် ကားခဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် မော်တော်ကားဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၉၃.၈၅ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၅.၉၇ ဖြစ်သောကြောင့် ၂.၂၁% ကျဆင်းလာသော်လည်း လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါကလည်း ၀.၁၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော မိုဘိုင်းဖုန်းဈေးနှုန်းများနှင့် တယ်လီဖုန်း ဈေးနှုန်းများမှာ နိုင်ငံခြားငွေလဲနှုန်းမြင့်နေ၍ ဈေးနှုန်းမြင့်တက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၅.၂၇ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၄.၂၁ ဖြစ်သောကြောင့် ၁.၀၂% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် ထူးခြားစွာပြောင်းလဲမှုမရှိပါ။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ဒီဗွီဒီနှင့် အီးဗွီတီ စက်ဈေးနှုန်းများမှာ နိုင်ငံခြား ငွေလဲလှယ်နှုန်းမြင့်တက်နေခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါ သည်။

(ည) **ပညာရေးအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၂.၂၄ ရှိ၍၊ ယခင် နှစ်၏ ဈေးဆနှုန်းမှာ ၁၁၇.၄၈ ဖြစ်သောကြောင့် ၄.၀၅% မြင့်တက်လာခဲ့ပြီး၊ လွန် ခဲ့သောလနှင့် နှိုင်းယှဉ်ပါ က ပြောင်းလဲမှုမရှိပါ။

(ဠ) **ပြင်ပအစားအသောက်အုပ်စုစျေးဆန်းနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၁.၂၅ ရှိ၍၊ ယခင်နှစ်၏ စျေးဆန်းနှုန်းမှာ ၁၀၈.၄၆ ဖြစ်သောကြောင့် ၂.၅၇% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် မြင့်တက်လာခဲ့ပါသည်။ ပြင်ပမှဝယ်ယူစားသောက်သော အစားအစာစျေးနှုန်းများ မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ဥ) **အထွေထွေကုန်ပစ္စည်းအုပ်စုစျေးဆန်းနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၀.၉၅ ရှိ၍၊ ယခင်နှစ်၏ စျေးဆန်းနှုန်းမှာ ၁၁၅.၁၄ ဖြစ်သောကြောင့် ၅.၀၅% မြင့်တက်လာခဲ့သော်လည်း၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ဝ.၈၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ထီး၊ မိတ်ကပ်နှင့် ရွှေထည်ပစ္စည်းစျေးနှုန်း များ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စုစျေးဆန်းနှုန်းမှာ** ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၅.၀၃ ရှိ၍၊ ယခင်နှစ်၏ စျေးဆန်းနှုန်းမှာ ၁၁၀.၁၂ဖြစ်သောကြောင့် ၄.၄၆% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်ကျဆင်းလာခဲ့ပါသည်။

## ၃။ စျေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းစျေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)စျေးနှုန်းမှာ ယခင်လနှင့်နှိုင်း ယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာမြင့်တက်ခဲ့ပါသည်။ ဆန်သစ်ပေါ်ချိန်ဖြစ်၍ စျေးကွက်အတွင်း ဆန်အသစ်များ ဝင်ရောက်လာပြီး စျေးနှုန်း တည်ငြိမ်နေသော်လည်း၊ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် မြန်မာ့ဆန်အရည်အသွေး နိမ့်ကျမှုများကြောင့် ယခင်နှစ်ကထက် ဆန်တင်ပို့မှုလျော့ကျခဲ့ပြီး ဆန်စျေးနှုန်း အပြောင်းအလဲ နည်းပါးခဲ့ပါသည်။ သို့သော် ဆန်စျေးကွက်တွင် ဆန်ဟောင်းများရှားပါးလာသောကြောင့် စျေးနှုန်းအနည်းငယ်မြင့်တက်နေခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သောမြေပဲဆီဈေးနှုန်းနှင့်နှမ်းဆီဈေးနှုန်းတို့မှာ ယခင်လကထက် ကျဆင်းလာသော်လည်း၊ စားအုန်းဆီဈေးနှုန်းမှာ ယခင်လကထက် ဆက်လက်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပ စားအုန်းဆီ ဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၉၈.၂၈ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၆၂.၇၇ ဖြစ်သဖြင့်ယခင်လကထက် ၅.၀၈% ကျဆင်းခဲ့သော်လည်း၊ နိုင်ငံခြားငွေလဲနှုန်းမြင့်နေခြင်းနှင့် စားအုန်းဆီ စားသုံးမှုပမာဏ ပိုမိုများပြားလာသောကြောင့် ဈေးနှုန်းများ မြင့်နေခြင်း ဖြစ်ပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ပုစွန်ခြောက် ရေကျိုငါးပိဈေးနှုန်းများ ကျဆင်းနေသော်လည်း၊ အမဲသား၊ ဝက်သား၊ ငါးအစို နှင့် ငါးရံ့ခြောက်ဈေးနှုန်း မြင့်တက်လျက်ရှိပါသည်။ ကြက်စာဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် ပွင့်လင်းရာသီဖြစ်၍ ကြက်ဥထွက်နှုန်းများလာခြင်းတို့ ကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။ ကြက်နာကျချိန်ဖြစ်၍ ကြက်သား စားသုံးမှုနည်းလာပြီး ဈေးနှုန်းများကျဆင်းလာပါသည်။ နွေရာသီဖြစ်၍ မြစ်ရေ ကျချိန် ဖြစ်သောကြောင့် ငါးရှားပါးလာပြီး ဈေးနှုန်းများမြင့်တက်လာရပါသည်။ ထို့ပြင် ငါးပိ၊ ငါးခြောက်ပြုလုပ်သည့် ငါးကုန်ကြမ်းများရှားပါးလာခြင်းကြောင့် ငါးခြောက် ဈေးနှုန်းများမြင့်တက်နေခြင်းဖြစ်ပါသည်။

(ဃ) အချို့ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ခရမ်းချဉ်သီးဈေးနှုန်း မှလွဲ၍ ကျန်ဟင်းသီးဟင်းရွက်များဖြစ်သော ဂေါ်ဖီထုပ်၊ ကန်စွန်းရွက်၊ ချဉ်ပေါင် ရွက်နှင့် ပဲတောင့်ရှည်ဈေးနှုန်းများ မြင့်တက်လာပါသည်။ ထို့ပြင် ပဲဈေးနှုန်းများ၊ စားဖိုဆောင်သီးနှံဖြစ်သော အာလူး၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ မြင့်တက်လာပါသည်။ နွေရာသီဖြစ်ခြင်းကြောင့် ဟင်းသီးဟင်းရွက်များ အထွက် နှုန်းနည်းလာသောကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ထို့ပြင် ရာသီ ဥတုဖောက်ပြန်မှုကြောင့် ပဲအထွက်နှုန်းများကျလာ၍ ပဲဈေးနှုန်းများမြင့်နေရခြင်း ဖြစ်ပါသည်။

(င) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုရှိဈေးဆနှုန်းမှာ ယခင်လကထက် သိသိသာသာ ကျဆင်းလာပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဤအုပ်စုတွင် ပါဝင်သော ကွမ်းရွက် ဈေးနှုန်းမှာ လွန်ခဲ့သောလများအတွင်း ဖြစ်ပေါ်ခဲ့သောရေကြီးရေလျှံမှုများကြောင့် ကွမ်းခြံအပျက်အစီးများရှိခဲ့သော်လည်း၊ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကွမ်းရွက် ဈေးကွက်မှာ ဈေးနှုန်းအတက်အကျ တည်ငြိမ်မှုမရှိဘဲ ကွမ်းဒိုင်များမှ သတ်မှတ် သည့်ဈေးနှုန်းအပေါ်တွင် မူတည်၍ ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်လျက်ရှိပါ သည်။

(စ) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည်တစ်ကျပ်သားလျှင် ၈၃၂၈၄၂ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၂.၅၂%မြင့်တက်ခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၁.၄၅% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း အနေ ဖြင့် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၃ ရှိရာမှ ၁၂၃၂သို့ မြင့်တက် လာပါသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာသကဲ့သို့ အမေရိကန်ဒေါ်လာ ငွေလဲနှုန်း မြင့်တက်လာသည့်အတွက် မြန်မာ့ရွှေဈေးနှုန်းလိုက်ပါ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


(ဆ) ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းများမှာ ယခင်လကထက် ၁.၁၆%နှင့် ၁.၅၂% အသီး သီး မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ တွင် ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၄.၈၄ မှ ၆၆.၅၀ သို့လည်း ကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၆.၈၅ မှ ၆၇.၇၂ သို့လည်း ကောင်း မြင့်တက်ခဲ့သောကြောင့် ကုမ္ပဏီဖြန့်သည့်ဈေးနှုန်း မြင့်လာပြီး ပြည်တွင်း လောင်စာဆီ ဈေးနှုန်းများ ဆက်လက်မြင့်တက်လာခြင်း ဖြစ်ပါသည်။ ထို့ပြင် ပွင့်လင်းရာသီဖြစ်၍ ခရီးသွားလာမှုများလာပြီး သုံးစွဲမှုများသောကြောင့် ဓာတ်ဆီ နှင့် ဒီဇယ်ဈေးနှုန်းများ မြင့်တက်လာပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ခြင်းကြောင့် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတား

များပျက်စီးခြင်း၊ ကားလမ်း၊ ရထားလမ်းများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည် စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာဈေးနှုန်း ဆက်လက်မြင့်တက်လာခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ တက်လာခြင်းစသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

**၄။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း**

(က) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ်အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်ပျမ်းမျှ (+)၆.၉၃ ရှိ၍ ဇန်နဝါရီလအထိ တစ်နှစ်ပျမ်းမျှ (+)၆.၉၇ နှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာ လျော့နည်းလာပါကြောင်းနှင့် ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလနှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတို့၏ နှစ်အလိုက် ပြောင်းလဲမှုကိုနှိုင်းယှဉ်ပါက(Year on Year Inflation) မှာ ၇.၉၉% ဖြစ်သည့်အတွက် ယခင်လကထက် ၀.၂၃% မြင့်တက်လျက်ရှိ ကြောင်းတွေ့ရပါသည်။




(ခ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင်

၁၃.၈၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ကယားပြည်နယ်တွင် ၉.၉၉% ဖြင့် ဒုတိယ အမြင့်ဆုံး၊ ချင်းပြည်နယ်တွင် ၉.၃၄% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ် လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၁၃.၃၂% ဖြင့် ပြောင်းလဲမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ချင်းပြည်နယ် တွင် ၅.၆၀%ဖြင့် ပြောင်းလဲမှု % အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေးရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ခုနှစ်ဖေဖော်ဝါရီလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | **အုပ်စုအားလုံး** | **၁၀၀.၀၀** | **၁၂၂.၉၁** | **၁၃၂.၄၁** | **၁၃၂.၇၃** | **၀.၂၄** | **၇.၉၉** | **၆.၉၃** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၃၁.၉၈** | **၁၄၄.၇၂** | **၁၄၅.၂၈** | **၀.၃၉** | **၁၀.၀၈** | **၉.၁၅** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၅.၆၇ | ၁၃၄.၄၀ | ၁၃၁.၉၉ | -၁.၇၉ | -၂.၇၁ | ၆.၇၈ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၃.၅၃ | ၁၁၆.၆၆ | ၁၁၆.၆၈ | ၀.၀၂ | ၂.၇၈ | ၄.၂၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၂၆.၉၉ | ၁၃၄.၉၃ | ၁၃၄.၇၉ | -၀.၁၀ | ၆.၁၄ | ၅.၈၄ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၂.၄၇ | ၁၁၃.၅၀ | ၁၁၃.၆၇ | ၀.၁၅ | ၁.၀၇ | ၃.၈၈ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၂၆.၈၄ | ၁၃၀.၈၄ | ၁၃၀.၉၁ | ၀.၀၆ | ၃.၂၁ | ၅.၅၂ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၈၈.၀၄ | ၉၆.၂၄ | ၉၆.၁၄ | -၀.၁၀ | ၉.၂၁ | -၂.၂၅ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၅.၉၇ | ၉၃.၆၇ | ၉၃.၈၅ | ၀.၁၉ | -၂.၂၁ | -၁.၄၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၄.၂၁ | ၁၀၅.၂၆ | ၁၀၅.၂၇ | ၀.၀၁ | ၁.၀၂ | ၂.၂၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၁၇.၄၈ | ၁၂၂.၂၄ | ၁၂၂.၂၄ | ၀.၀၀ | ၄.၀၅ | ၃.၈၁ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၀၈.၄၆ | ၁၁၁.၁၆ | ၁၁၁.၂၅ | ၀.၀၈ | ၂.၅၇ | ၄.၀၀ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၁၅.၁၄ | ၁၁၉.၉၃ | ၁၂၀.၉၅ | ၀.၈၅ | ၅.၀၅ | ၆.၉၂ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၀.၁၂** | **၁၁၅.၀၆** | **၁၁၅.၀၃** | **-၀.၀၃** | **၄.၄၆** | **၃.၂၇** |

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၁၄ | ၁၂၂.၄၃ | ၁၃၈.၂၆ | ၁၃၈.၃၆ | ၀.၀၇ | ၁၃.၀၁ | ၇.၂၆ |
| ၂ | ကယားပြည်နယ် | ၀.၅၃ | ၁၃၀.၁၈ | ၁၄၀.၂၆ | ၁၄၁.၃၈ | ၀.၈၀ | ၈.၆၀ | ၉.၉၉ |
| ၃ | ကရင်ပြည်နယ် | ၃.၀၂ | ၁၁၂.၀၁ | ၁၂၀.၅၆ | ၁၂၀.၂၄ | -၀.၂၇ | ၇.၃၅ | ၈.၀၈ |
| ၄ | ချင်းပြည်နယ် | ၀.၉၃ | ၁၇၂.၅၀ | ၁၇၈.၂၂ | ၁၈၂.၁၇ | ၂.၂၁ | ၅.၆၀ | ၉.၃၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၂၈ | ၁၂၀.၅၈ | ၁၃၁.၈၇ | ၁၃၁.၆၂ | -၀.၁၉ | ၉.၁၅ | ၅.၃၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၅၀ | ၁၀၉.၉၆ | ၁၁၈.၃၁ | ၁၁၉.၄၇ | ၀.၉၈ | ၈.၆၄ | ၄.၇၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၅၇ | ၁၂၂.၄၇ | ၁၂၉.၇၇ | ၁၃၀.၄၈ | ၀.၅၅ | ၆.၅၅ | ၆.၇၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀.၇၀ | ၁၂၃.၂၄ | ၁၃၄.၂၆ | ၁၃၃.၀၃ | -၀.၉၂ | ၇.၉၄ | ၅.၃၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇.၄၃ | ၁၂၀.၂၈ | ၁၂၉.၂၇ | ၁၂၉.၄၀ | ၀.၁၀ | ၇.၅၉ | ၅.၉၅ |
| ၁၀ | မွန်ပြည်နယ် | ၄.၈၅ | ၁၁၄.၁၈ | ၁၂၃.၅၄ | ၁၂၅.၀၅ | ၁.၂၂ | ၉.၅၂ | ၅.၁၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၈၄ | ၁၃၉.၂၈ | ၁၅၈.၀၅ | ၁၅၇.၈၃ | -၀.၁၄ | ၁၃.၃၂ | ၁၃.၈၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၂၁ | ၁၂၁.၀၃ | ၁၂၇.၁၃ | ၁၂၇.၈၆ | ၀.၅၈ | ၅.၆၅ | ၅.၃၆ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၇၅ | ၁၂၉.၈၈ | ၁၄၁.၁၃ | ၁၄၁.၆၄ | ၀.၃၆ | ၉.၀၅ | ၉.၂၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀.၀၇ | ၁၂၆.၂၈ | ၁၃၁.၆၈ | ၁၃၂.၇၆ | ၀.၈၂ | ၅.၁၃ | ၅.၄၂ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၃၁ | ၁၁၅.၄၇ | ၁၂၆.၂၀ | ၁၂၄.၆၅ | -၁.၂၂ | ၇.၉၅ | ၉.၀၂ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၈ | ၁၂၄.၅၀ | ၁၃၃.၈၈ | ၁၃၄.၄၁ | ၀.၃၉ | ၇.၉၅ | ၉.၄၉ |
| ၁၇ | မန္တလေးမြို့ | ၂.၅၇ | ၁၁၂.၈၀ | ၁၂၀.၁၇ | ၁၁၉.၆၄ | -၀.၄၄ | ၆.၀၇ | ၃.၅၆ |
| ၁၈ | နေပြည်တော် | ၀.၆၄ | ၁၁၆.၃၀ | ၁၂၂.၅၂ | ၁၂၂.၆၂ | ၀.၀၉ | ၅.၄၄ | ၄.၆၆ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၂၂.၉၁** | **၁၃၂.၄၁** | **၁၃၂.၇၃** | **၀.၂၄** | **၇.၉၉** | **၆.၉၃** |

# ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
# (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (ကျပ်) | ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၂၈၂.၈၀ | ၁၂၈၄.၇၅ | ၁၁၉၇.၉၅ | ၀.၁၅ | ၇.၂၅ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၃၉.၇၀ | ၅၂၂၅.၉၂ | ၅၀၃၇.၂၆ | -၀.၂၆ | ၃.၇၅ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၅၈၅.၄၀ | ၅၅၇၃.၉၁ | ၄၉၀၂.၆၃ | -၀.၂၁ | ၁၃.၆၉ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၈၁.၂၂ | ၂၁၉၅.၅၇ | ၁၈၇၀.၀၀ | ၀.၆၆ | ၁၇.၄၁ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၈၇၂.၉၀ | ၆၈၃၈.၅၅ | ၆၂၃၇.၃၄ | -၀.၅၀ | ၉.၆၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၄၁၀.၄၇ | ၈၅၁၇.၀၁ | ၈၂၆၄.၃၅ | ၁.၂၇ | ၃.၀၆ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၅၁၄.၀၈ | ၁၀၅၂၈.၁၇ | ၉၉၁၆.၀၃ | ၀.၁၃ | ၆.၁၇ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၂၀.၉၁ | ၁၆၁၅.၀၉ | ၁၅၇၁.၆၉ | -၀.၃၆ | ၂.၇၆ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၅၃.၈၀ | ၁၂၃၉.၆၀ | ၁၂၄၈.၃၈ | -၁.၁၃ | -၀.၇၀ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၀၆၉.၆၁ | ၇၁၁၇.၁၃ | ၆၉၃၁.၀၂ | ၀.၆၇ | ၂.၆၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၅၀၃.၆၃ | ၇၅၇၃.၅၈ | ၆၇၉၈.၇၂ | ၀.၉၃ | ၁၁.၄၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၃၈၇.၀၀ | ၄၃၈၉.၂၄ | ၄၁၉၅.၀၇ | ၀.၀၅ | ၄.၆၃ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၆၆၁၄.၈၉ | ၂၆၅၇၆.၆၀ | ၂၅၀၁၇.၈၅ | -၀.၁၄ | ၆.၂၃ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၅၀၅၂.၇၈ | ၂၅၁၅၂.၃၁ | ၂၂၈၅၈.၃၃ | ၀.၄၀ | ၁၀.၀၄ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၃၇.၁၇ | ၃၁၁၃.၇၂ | ၃၀၉၅.၇၇ | -၀.၇၅ | ၀.၅၈ |
| ၁၆ | ခရမ်းချဉ်သီး | ။ | ။ | ၁၅၈၄.၄၅ | ၁၃၅၉.၂၄ | ၄၃၈.၂၇ | -၁၄.၂၁ | ၂၁၀.၁၄ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၄၂၄.၇၇ | ၃၃၄၆.၆၅ | ၂၇၀၂.၄၁ | -၂.၂၈ | ၂၃.၈၄ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၂၀.၄၀ | ၁၄၁၄.၂၆ | ၉၇၉.၅၇ | ၁၅.၈၈ | ၄၄.၃၈ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၅၇၇၈.၁၁ | ၅၉၈၃.၀၂ | ၄၉၁၇.၅၃ | ၃.၅၅ | ၂၁.၆၇ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၅၀၆.၄၀ | ၁၉၅၇.၆၀ | ၁၀၆၄.၄၆ | ၂၉.၉၅ | ၈၃.၉၁ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၅၅၄.၅၅ | ၄၅၂၄.၁၉ | ၃၇၉၇.၂၈ | -၀.၆၇ | ၁၉.၁၄ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၁၉.၈၉ | ၅၀၂၇.၀၇ | ၅၁၄၄.၈၁ | ၀.၁၄ | -၂.၂၉ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၁၂၃၆၅.၈၀ | ၈၃၂၈၄၂.၄၂ | ၇၄၇၃၀၃.၈၁ | ၂.၅၂ | ၁၁.၄၅ |
| ၂၄ | ထင်း | | ပိဿာ | ၂၉၀.၀၅ | ၂၈၉.၀၃ | ၂၈၆.၉၉ | -၀.၃၅ | ၀.၇၁ |
| ၂၅ | မီးသွေး | | ။ | ၅၇၈.၇၃ | ၅၇၅.၂၄ | ၄၈၀.၀၀ | -၀.၆၀ | ၁၉.၈၄ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၃၇၆.၆၂ | ၃၇၆.၆၂ | ၄၃၂.၉၆ | ၀.၀၀ | -၁၃.၀၁ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၁၀.၀၀ | ၁၀၀၇.၁၄ | ၃၂၁.၇၉ | -၀.၂၈ | ၂၁၂.၉၉ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၂၆၇.၈၈ | ၃၃၀၅.၉၅ | ၂၅၀၂.၃၁ | ၁.၁၆ | ၃၂.၁၂ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၃၄၁.၇၇ | ၃၃၉၂.၅၉ | ၂၈၅၆.၃၃ | ၁.၅၂ | ၁၈.၇၇ |

# ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | | | | | | | | | ၂၀၁၇ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| စားသုံးသူ ဈေးဆန်းနှုန်း | ၁၂၃.၃၃ | ၁၂၆.၀၉ | ၁၂၇.၄၅ | ၁၂၈.၈၂ | ၁၂၉.၈၇ | ၁၃၀.၁၄ | ၁၃၀.၀၀ | ၁၃၀.၄၈ | ၁၃၁.၆၁ | ၁၃၂.၃၉ | ၁၃၂.၄၁ | ၁၃၂.၇၃ |
| နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ၈.၃၉ | ၉.၆၄ | ၉.၂၇ | ၉.၂၂ | ၈.၅၈ | ၄.၉၁ | ၃.၈၈ | ၃.၅၁ | ၃.၄၇ | ၆.၅၅ | ၇.၇၆ | ၇.၉၉ |
| ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း | ၉.၉၉ | ၁၀.၂၆ | ၁၀.၄၇ | ၁၀.၆၀ | ၁၀.၅၉ | ၉.၉၆ | ၉.၁၆ | ၈.၂၆ | ၇.၃၅ | ၇.၀၂ | ၆.၉၇ | ၆.၉၃ |